# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

April 26 , 2024 Volume 77, Number 15

၂၆.၄.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၄၁ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၅၄.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၄.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၂၈.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၅.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၈၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၀၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၂.၈၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၀.၁၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၆.၈၅၇ ကျပ် |

Source: CBM Rate, etrademyanmar.com

## ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ခုံးပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ခုံးပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းကပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်တွင် သဘာဝအတိုင်းဖမ်းယူရရှိသည့် ခုံးများကို ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချလျက်ရှိရာ ဖေဖော်ဝါရီလက ခုံးပိဿာချိန် ၅၅,၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လ ၁ ရက်နေ့မှ ၃၁ ရက်နေ့ထိ ခုံးပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ခုံးတွေ အဝယ်လိုနေပါတယ်။ ပြီးခဲ့တဲ့ မတ်လထဲမှာ ခုံးပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ လက်ရှိ ဧပြီလထဲမှာလဲ ခုံးတွေကို ရန်ကုန်ဈေးကွက်ထဲ အများအပြားတင်ပို့ရောင်းချနေရပါတယ်။ ဘိုကလေးဘက်ကနေထွက်တဲ့ ခုံးတွေ အပါအဝင် ရေထွက်ကုန်တွေကို ဘိုကလေးမြို့နယ်မှာရှိတဲ့ ပွဲရုံပိုင်ရှင်တွေက ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချပါတယ်။ အခုလို ကုန်ရောင်းကုန်ဝယ်တွေ အားကောင်းကောင်းနဲ့ လည်ပတ်နေတော့ ရေလုပ်သားတွေ၊ ကုန်သည်တွေ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိပြီး အဆင်ပြေလာပါတယ်" ဟု ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းက ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ငါးအမျိုးမျိုး၊ ပုစွန်အမျိုးမျိုး၊ ကဏန်းများအပြင် ခုံးများကိုလည်း စနစ်တကျ

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖတ်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

သန့်စင်ထုပ်ပိုးပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## မြန်မာနိုင်ငံမှထွက်ရှိသည့် မက္ကဒေးမီးယားကုန်ချောများကို ရုရှားနိုင်ငံမှ ဝယ်ယူရန်ကမ်းလှမ်း

ယခုနှစ်အတွင်း မြန်မာနိုင်ငံမှထွက်ရှိသည့် မက္ကဒေးမီးယားကုန်ချောများကို ရုရှားနိုင်ငံမှဝယ်ယူရန် ကမ်းလှမ်းထားကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ နောင်ချိုမက္ကဒေးမီးယားစီမံကိန်းဌာန စီမံကိန်းမန်နေဂျာ ဦးတင်နိုင်ထွန်း၏ ပြောပြချက်အရသိရသည်။

ပြည်တွင်းမှ ထွက်ရှိသည့် မက္ကဒေးမီးယားကုန်ကြမ်းကို တရုတ်နိုင်ငံနှင့်ထိုင်းနိုင်ငံတို့သို့ အဓိကတင်ပို့လျက်ရှိရာ လာမည့်ရာသီချိန်အတွက် ရုရှားနိုင်ငံမှဝယ်ယူရန် စတင်ကမ်းလှမ်းလာခြင်းဖြစ်သည်။

"ရုရှားက ပြီးခဲ့တဲ့နှစ်ကုန်ပိုင်းက မက္ကဒေးမီးယားထွက်သမျှကို ဝယ်ယူဖို့ ကမ်းလှမ်းထားတာရှိပါတယ်။ လက်ရှိအနေအထားက MoU တော့မရေးထိုးရသေးပါဘူး။ ဒါပေမဲ့ထွက်သမျှအကုန်ယူမယ်ဆိုတော့ ဒီနှစ်မှာ တင်ပို့နိုင်မယ့် အခြေအနေများပါတယ်" ဟု ဦးတင်နိုင်ထွန်းကပြောသည်။

ထိုသို့ကမ်းလှမ်းရာတွင် ကုန်ချောအမျိုးအစားတစ်ခုဖြစ်သည့် သော့သီးဈေးကွက်ကို ကမ်းလှမ်းထားခြင်းဖြစ်ကြောင်း သိရသည်။ "ရောက်တာနဲ့ အသင့်စားသုံးနိုင်တဲ့ သော့သီးဈေးကွက်ကို သူတို့ကပိုကြိုက်ပါတယ်။ အဲဒီအတွက် ဈေးနှုန်းတွေမေးမြန်းတာရှိနေပြီ။ ဒါကြောင့် လာမယ့်နှစ်မှာ ကုန်ကြမ်းထက် ကုန်ချောကိုတင်ပို့ဖို့များပါတယ်" ဟု ဦးတင်နိုင်ထွန်းက ပြောသည်။

ရုရှားနိုင်ငံသို့ မက္ကဒေးမီးယားကုန်ချောများတင်ပို့ရာတွင် ပင်လယ်ရေကြောင်းမှတစ်ဆင့် တင်ပို့မည်ဖြစ်ကြောင်း သိရသည်။ မက္ကဒေးမီးယားကို မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)ရွာငံ၊ ရပ်စောက်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုစသည့် ဒေသများအပါအဝင် ဒေသအနှံ့အပြား၌ တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်းသိရသည်။

**Source: မြဝတီသတင်းစာ(၂၅-၄-၂၀၂၄)**

## ယခုနှစ် သရက်ရာသီ၌ ပြည်တွင်းဈေးကွက်ကိုသာ ပိုမိုအားထားရနိုင်

ယခုနှစ်အတွင်း သရက်ရာသီ၌ ပြည်တွင်းဈေးကွက်ကိုသာ ပိုမိုအားထားရနိုင်သည့်သဘောရှိသည်ဟု သုံးသပ်ရကြောင်း မြန်မာနိုင်ငံ သရက်သီးထုပ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပြည်ပသို့တင်ပို့ရန် ခရီးစရိတ်မြင့်မားမှုများရှိသကဲ့သို့ နယ်စပ်မှတင်ပို့မည်ဆိုပါက လမ်းခရီးကြန့်ကြာမှုကြောင့် ဈေးကွက်ထဲသို့ ရောက်ရှိချိန်တွင် အသီးမလှတော့ဘဲ နာသွားပါက ဈေးကောင်းမရရှိနိုင်ခြင်းတို့ကြောင့် ပြည်တွင်းဈေးကွက်ကို ပိုမိုအားထားရဖွယ်ရှိပြီး တင်ပို့နေသူအချို့၏ အခြေအနေကိုလည်း စောင့်ကြည့်ရမည်ဟု ၎င်းကဆိုသည်။ "ဒီနှစ်ကတော့ သရက်က ပြည်တွင်းဈေးကွက်ကိုပဲ ပိုအားထားရနိုင်တဲ့သဘောရှိတာပေါ့။ အရင်နှစ်တွေကတော့ ပြည်တွင်းရော ပြည်ပကိုရောသွားတယ်။ တရုတ်ဈေးကွက်ကတော့ သွားတာအများဆုံးပေါ့။ အခုလောလောဆယ်ကတော့ တရုတ်ကိုလည်း မသွားနိုင်ဘူးဆိုရင်၊ သွားရင်လည်း စရိတ်ကကြီးလွန်းလို့ တောင်သူတွေအဆင်မပြေဘူးဆိုတော့ ပြည်တွင်းဈေးကွက်ကိုပဲ အားထားရနိုင်တဲ့သဘောရှိတယ်လို့ သုံးသပ်ရတာပေါ့။ သရက်ဈေးကွက်ကတော့ ပြည်တွင်းဈေးကွက်ပဲ ဖြစ်ဖို့များပါတယ်"ဟု ၎င်းကပြောကြားသည်။

လက်ရှိ ပြည်တွင်းသရက်ဈေးကွက်၌ ၁၅၀ ဂရမ်အရွယ်ရှိ စိန်တလုံးသရက်သီး တစ်တန်ကို ကျပ် ၁၂ သိန်း၊ ကျပ် ၁၃ သိန်းခန့်ရှိကာ ဈေးမှာ ဂရမ်အလိုက်ကွာခြားပြီး သရက်သီးတစ်တန်လျှင်ဈေးနှုန်း ကျပ် ၁၇ သိန်း၊ ၁၈ သိန်းခန့်အထိ ရှိနေကြောင်းလည်းသိရသည်။ ယင်းအပြင် ယခုနှစ်အတွင်း တောင်သူများအနေဖြင့် မြေဩဇာဈေးနှုန်း၊ အလုပ်သမားငှားရမ်းရမှု ကုန်ကျစရိတ်မှာလည်း ယခင်ထက်ပိုမို မြင့်မားနေကြောင်းလည်း ယင်းကဆိုသည်။ "သရက်ဈေးကွက်မှာ စိန်တလုံးသရက်သီးမှည့်တွေ စတော့ထွက်နေပြီ။ တောင်သူတွေအနေနဲ့ကလည်း ကုန်ကျစရိတ်တွေက ခါတိုင်းထက်ကို အဆများစွာပိုကုန်ပါတယ်" ဟုလည်းပြောကြားသည်။

**Source: မြန်မာ့အလင်းသတင်းစာ (၂၆-၄-၂၀၂၄)**

## အိန္ဒိယအစိုးရက ပဲမျိုးစုံအား အနိမ့်ဆုံးပံ့ပိုးဈေးနှုန်းဖြင့် အကန့်အသတ်မရှိ ဝယ်ယူပေးမည်ဟုကမ်းလှမ်း၍ ပြည်နယ် ၃ ခုအား ပဲမျိုးစုံစိုက်ပျိုးမှုမြှင့်တင်ရန် တွန်းအားပေး

အိန္ဒိယအစိုးရသည် Bihar ၊ Jharkhand နှင့် Uttar Pradesh ပြည်နယ်တို့ရှိ တောင်သူများအား ၎င်းတို့စိုက်ပျိုးထွက်ရှိသည့် ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲတီစိမ်းစသည့်ပဲမျိုးစုံကို အနိမ့်ဆုံးပံ့ပိုးသတ်မှတ်ဈေးနှုန်း(Minimum Support Price–MSP)ဖြင့် ဝယ်ယူပေးမည်ဖြစ်ကြောင်း ကမ်းလှမ်းချက်ဖြင့် ယင်းပဲအမျိုးအစားများကို ဦးစားပေးစိုက်ပျိုးရန် ရာသီချိန်စိုက်ပျိုးမှုများ မစတင်မီ စနစ်တကျတွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ရည်ရွယ်ချက်မှာ ပဲမျိုးစုံစိုက်ပျိုးမှုတိုးမြှင့်ရန်နှင့် ပဲမျိုးစုံသွင်းကုန်မှီခိုမှုလျှော့ချရန်ဖြစ်ကြောင်း၊ သို့ရာတွင် ထုတ်လုပ်မှုရည်မှန်းချက်ကို အစိုးရကသတ်မှတ်ထားခြင်းမရှိဟု အမည်မဖော်လိုသူ အရာရှိကြီးတစ်ဦးက ပြောကြားထားကြောင်း သိရသည်။

စိုက်ပျိုးရေးနှင့်တောင်သူလယ်သမားများသက်သာချောင်ချိရေးဝန်ကြီးဌာန၏ အချက်အလက်များအရ ၂၀၂၂-၂၃ ခုနှစ်တွင် Uttar Pradesh ပြည်နယ်မှ ပဲမျိုးစုံတန်ချိန် ၂ ဒသမ ၈၅ သန်းခန့်ထုတ်လုပ်ခဲ့ပြီး Jharkhand ပြည်နယ်မှ တန်ချိန် ၇ ဒသမ ၆ သိန်း၊ Bihar ပြည်နယ်မှ တန်ချိန် ၄ ဒသမ ၅ သိန်း ထုတ်လုပ်ခဲ့ကြောင်းသိရသည်။

ပဲမျိုးစုံဈေးနှုန်းများကိုစီမံခန့်ခွဲသည့် စားသုံးသူရေးရာဝန်ကြီးဌာနသည် National Co-operative Consumers' Federation of India Ltd. (NCCF) အား ယခုအစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် တာဝန်ပေးအပ်ထားကြောင်း သိရသည်။ NCCF သည် ပဲမျိုးစုံဝယ်ယူခြင်းအပြင် ပဲမျိုးစုံစိုက်ပျိုးမှုမြှင့်တင်ရန်အတွက် အရည်အသွေးမြင့် ပဲမျိုးစေ့များကို တောင်သူများသို့ ဖြန့်ဝေပေးမည်ဖြစ်ကြောင်းသိရသည်။

အိန္ဒိယဗဟိုအစိုးရသည် ယင်းပြည်နယ်များတွင် နီးစပ်ရာတောင်သူများကို စည်းရုံးလှုံ့ဆော်ဆောင်ရွက်လျက်ရှိသည်ဟု ကြားသိရသော်လည်း ယခုနှစ်ဇွန်လတွင် အထွေထွေရွေးကောက်ပွဲရလဒ်များ ထုတ်ပြန်ကြေညာပြီးနောက်မှသာ လယ်သမားများအား စည်းရုံးလှုံ့ဆော်မှုများကို အပြည့်အဝလုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။ အိန္ဒိယစားသုံးသူရေးရာဝန်ကြီးဌာနသည် ယခုအစီအစဉ်အား ပိုမိုထိရောက်စေရန်အတွက် ပြည်နယ်အစိုးရများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အိန္ဒိယအစိုးရမှ ပဲမျိုးစုံဈေးနှုန်းတည်ငြိမ်မှုရှိစေရန် စီမံချက်များစွာဖြင့် ဆောင်ရွက်လျက်ရှိသော်လည်း လပေါင်းများစွာ ပဲမျိုးစုံဈေးနှုန်းများမြင့်မားလာမှုမှာ စိုးရိမ်စရာဖြစ်လာကြောင်း၊ ဖေဖော်ဝါရီလတွင် ပဲမျိုးစုံဈေးနှုန်းကြီးမြင့်မှုမှာ ၁၈ ဒသမ ၉ ရာခိုင်နှုန်းမှ မတ်လတွင် ၁၇ ဒသမ ၇၁ ရာခိုင်နှုန်းသို့ သိသိသာသာကျဆင်းသွားသော်လည်း ပဲစင်းငုံမှာမူ ထွက်ရှိမှု နည်းပါးသောကြောင့် ၃၃ ဒသမ ၅၄ ရာခိုင်နှုန်း တက်လာခဲ့ကြောင်း သိရသည်။

**Source: Govt nudges 3 states to produce pulses, offers MSP with no bar, The Economic Times, 25 April 2024.**

**(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

https://myantrade.gov.mm/article/STP(Ygn)_25042024_21:09

## အပြည်ပြည်ဆိုင်ရာ ကုန်တင်ကုန်ချ ယာယီဆိပ်ကမ်းများမှ အိမ်နီးချင်းနိုင်ငံများသို့ ပို့ကုန်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ




ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်တွင် တည်ဆောက်ထားသော ရွှေမဲဆိပ်ကမ်းနှင့် မုတ္တမဆိပ်ကမ်းတို့အား အိမ်နီးချင်းနိုင်ငံများသို့ ကုန်တင်ပို့နိုင်သည့် အပြည်ပြည်ဆိုင်ရာ ကုန်တင်ကုန်ချ ယာယီဆိပ်ကမ်းအဖြစ် အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၄ ခုနှစ် ဧပြီလ ၂၄ ရက်နေ့မှစ၍ စတင်ခွင့်ပြုခဲ့ပြီးဖြစ်သည်။

အဆိုပါဆိပ်ကမ်းများမှ အိမ်နီးချင်းနိုင်ငံများသို့ Border Trade ပို့ကုန်လုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် အကောက်ခွန်ဦးစီးဌာန အပါအဝင် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့ (OSS) များမှ ၂၄-၄-၂၀၂၄

ရက်နေ့မှစ၍ တာဝန်ချထား စစ်ဆေးဆောင်ရွက်ပေးလျက်ရှိသည်။ လုပ်ငန်းရှင်များအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ပို့ကုန်လုပ်ငန်းများဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/

## ဆန်နှင့်ပတ်သက်သည့် တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ

### ၂၀၂၄ ခုနှစ်၊ ပထမ ၃ လပတ်အတွင်း ဗီယက်နမ်၏ ဆန်တင်ပို့မှုတိုးမြင့်

ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုသည် ၂၀၂၄ ခုနှစ်၊ ပထမ ၃ လပတ်အတွင်း မက်ထရစ်တန် သန်းပေါင်း ၂ ဒသမ ၁ သန်း တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံရရှိခဲ့ကာ ပြီးခဲ့သည့်နှစ်ကထက် ၄၂ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ အဆိုပါ တိုးတက်မှုသည် ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ တရုတ်၊ ဂါနာ၊ မလေးရှားနှင့်စင်ကာပူကဲ့သို့ အဓိကဈေးကွက်များမှ ဝယ်လိုအား မြင့်တင်ခဲ့မှုကြောင့်ဖြစ်ပြီး ၎င်းတို့အနေဖြင့် ဗီယက်နမ်ဆန်အပေါ် များစွာမှီခိုခြင်းမရှိရန် အခြားရင်းမြစ်များမှ ရှာဖွေမှုများလည်း ရှိခဲ့သည်။

ဖိလစ်ပိုင်နှင့်အင်ဒိုနီးရှားတို့တွင် ထုတ်လုပ်မှုနှင့်ထုတ်လုပ်ဧရိယာတိုးမြှင့်ခြင်း၊ လယ်သမားများအား ထောက်ပံ့သည့် အစီအစဉ်များ ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ဗီယက်နမ်ဆန်၏ ဝယ်လက်အဟောင်းဖြစ်သော အာဖရိကဈေးကွက်သည်လည်း ပြင်ပစီမံကိန်းများ၏ အကူအညီဖြင့် ပြည်တွင်းဖူလုံစေမည့် စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိသည်။

### ဆန်အဓိကတင်ပို့သည့်နိုင်ငံများတွင် ဆန်ဈေးနှုန်းများကျဆင်း

ဝယ်လိုအားကျဆင်းမှုကြောင့် အဓိကဆန်တင်ပို့သည့် နိုင်ငံများဖြစ်သော ဗီယက်နမ်၊ အိန္ဒိယနှင့်ထိုင်းတို့တွင် ဆန်ဈေးနှုန်းများ ကျဆင်းခဲ့သည်။ အိန္ဒိယတွင် ယခင်က မက်ထရစ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၅၀ မှ ၅၅၈ ထိ ပေါက်ခဲ့သော ဆန်ဈေးသည် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် မက်ထရစ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၄၀ မှ ၅၄၈ ထိ ဈေးပေါက်ခဲ့သည်။ ထိုင်းဆန်သည် သီတင်းပတ် ၄ ပတ်ဆက်တိုက် ဈေးနှုန်းကျဆင်းလျက်ရှိပြီး ယခင်က မက်ထရစ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၈၅ မှ ၅၉၀ ထိပေါက်ခဲ့သော ဆန်ဈေးသည် ၅၇၀ ထိ ကျဆင်းခဲ့သည်။ ယင်းသို့ ဈေးနှုန်းကျဆင်းခြင်းသည် လာမည့်သီတင်း ၁ ပတ်ကျော်အတွင်း ပြီးဆုံးတော့မည့် ဆောင်းဦးရိတ်သိမ်းချိန်ကာလကြောင့်ဟု ခန့်မှန်းကြသည်။ ရိတ်သိမ်းချိန်ပြီးဆုံးသည်နှင့် ဈေးနှုန်း များ ပြန်လည်ဦးမော့လာရန်လည်း မျှော်လင့်နေကြသည်။

### ၂၀၂၄ ခုနှစ်၊ ပထမ ၃ လပတ်အတွင်း ဖိလစ်ပိုင်၏ ဆန်တင်သွင်းမှုတိုးမြင့်

ဖိလစ်ပိုင်နိုင်ငံ၏ ၂၀၂၄ ခုနှစ်၊ ပထမ ၃ လပတ်အတွင်း ဆန်တင်သွင်းမှုသည် ပြီးခဲ့သည့်နှစ်ကထက် ၂၄ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ကာ မက်ထရစ်တန် ၉၉၆,၀၀၀ ရှိခဲ့ကြောင်း၊ မတ်လအတွင်းက လစဉ်တင်သွင်းမှုသည် ၃၃ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး နှစ်အလိုက်တင်သွင်းမှုတွင် ၄၄ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ ဗီယက်နမ်၊ ထိုင်း၊ ပါကစ္စတန် ၊ မြန်မာတို့မှ အဓိကတင်သွင်း ခဲ့ကြောင်း သိရသည်။

အမေရိကန် လယ်ယာစိုက်ပျိုးရေးဌာနက ဖိလစ်ပိုင်နိုင်ငံသည် ၂၀၂၄ ခုနှစ်အတွင်း ဆန်မက်ထရစ် တန် ၄ ဒသမ ၄၁ သန်း ခန့်တင်သွင်းပြီး ထုတ်လုပ်မှု မက်ထရစ်တန်သန်းပေါင်း ၁၂ ဒသမ ၁၂၅ နှင့် စိုက်ပျိုးမှုဧရိယာ ဟက်တာ ၄ ဒသမ ၈ သန်းနှင့် စားသုံးမှုသည် ၁၉ ဒသမ ၆ မက်ထရစ်တန်သန်းရှိမည်ဟု ခန့်မှန်းပါသည်။ ဆန်ဈေးနှုန်းကြီးမှု ကြာရှည်နေခြင်းသည် အယ်လ်နီညိုနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေများကြောင့်ဖြစ်သည်။

### ဘရာဇီးနိုင်ငံ၊ Rio Grande do Sul ပြည်နယ်မှ ၂၀၂၃/၂၀၂၄ ရာသီအတွက် ဆန်စပါးစတင်ရိတ်သိမ်း

၂၀၂၃-၂၀၂၄ ရာသီအတွက် ဘရာဇီး၊ တောင်ပိုင်း Rio Grande do Sul ပြည်နယ်က စိုက်ပျိုးထားခဲ့သည့် စပါးစိုက်ဧရိယာ ဟက်တာထောင်ပေါင်း ၉၀၀ ဒသမ ၂ ၏ ၄၄ ဒသမ ၆၂ ရာခိုင်နှုန်းကို ရိတ်သိမ်းပြီဖြစ်ကြောင်း၊ သီးနှံများ၏ ၇ ဒသမ ၂ ရာခိုင်နှုန်း မှာ မျိုးပွားနိုင်သည့်အခြေအနေတွင်ရှိပြီး ၄၇ ရာခိုင်နှုန်းမှာ ရင့်မှည့်နေပြီဖြစ်ကြောင်း၊ ပြီးခဲ့သည့်နှစ် ယခုလိုအချိန်တွင် စိုက်ပျိုး ဧရိယာ၏ ၈၁ ရာခိုင်နှုန်းကို ရိတ်သိမ်းခဲ့ကြောင်း သိရသည်။

**Source: Reuters**

**WTO ဌာနခွဲ**

**ကုန်သွယ်ရေးဦးစီးဌာန**

https://www.commerce.gov.mm/my/article/update-news-international-trade/

## ဆန်စပါး Export Zone များကို ပဲခူး၊ မန္တလေးနှင့် ဧရာဝတီတိုင်း၌ စတင်ဖော်ဆောင်မည်

ပြည်ပဈေးကွက်က တောင်းဆိုထားတဲ့ ဆန်စပါးအမျိုးအစားပေါ်မူတည်ပြီး Export Zone တွေကို တိုင်းဒေသကြီး ၃ ခုမှာ စတင်အကောင်အထည်ဖော်သွားမယ်လို့ စိုက်ပျိုးရေးဦးစီးဌာနက ပြောကြားလာခဲ့သည်။

မြန်မာနိုင်ငံမှာထုတ်လုပ်တဲ့ ဆန်စပါးတွေကို ပြည်တွင်းစားသုံးမှုဖူလုံစေဖို့သာမက ပြည်ပတင်ပို့ရာမှာ နိုင်ငံခြားဝင်ငွေ ပိုမိုရရှိစေဖို့ ရည်ရွယ်ဆောင်ရွက်ရခြင်းဖြစ်သည်။

စိုက်ပျိုးဆောင်ရွက်ဖို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှာပါဝင်တဲ့ လုပ်ငန်းရှင်ကုမ္ပဏီတွေ၊ ပေါင်းစပ်ပါဝင်ကြမဲ့ တောင်သူတွေနဲ့ညှိနှိုင်းထားပါတယ်လို့ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ညှိနှိုင်းဆွေးနွေးမှုအရ ပြည်ပကိုတင်ပို့မဲ့ သီးနှံများအတွက် လိုအပ်မဲ့ မျိုး ၆ မျိုး သတ်မှတ်ထားပြီး အဲဒီအထဲမှာ ဆင်းသုခနဲ့ ရက် ၉၀ တို့ ပါဝင်နေသည်။

တစ်ဖက်မှာလည်း ပြည်တွင်းလိုအပ်ချက်များတဲ့ မနောသုခ၊ ပေါ်ဆန်းမွှေးတွေကို ဒေသအလိုက် ဖြစ်ထွန်းနိုင်မဲ့ ဧရိယာတွေ ရွေးချယ်သတ်မှတ်ပြီး ဇုန်ဖွဲ့စည်းဆောင်ရွက်ဖို့လည်း စီစဉ်ထားသည်။

အဆိုပါ Export Zone တွေကို ပဲခူးတိုင်း၊ မန္တလေးတိုင်းနဲ့ဧရာဝတီတိုင်းဒေသကြီးတို့မှာ စတင်သွားဖို့ လျာထားသည်။ အသေးစိတ်ဆောင်ရွက်မဲ့ အစီအစဉ်တွေရေးဆွဲပြီးရင် သက်ဆိုင်ရာကနေ အသိပေးထုတ်ပြန်မယ်လို့ တာဝန်ရှိသူကဆိုသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ရဲ့ စာရင်းတွေအရ ပြီးခဲ့တဲ့ဘဏ္ဍာနှစ်မှာ ပြည်ပကို ဆန်တန်ချိန် ၁ ဒသမ ၆ သန်းကျော် တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၈၄၅ သန်းကျော် ရရှိထားတယ်လို့ သိရသည်။

ယခု ၂၀၂၄ -၂၀၂၅ ဘဏ္ဍာရေးနှစ်မှာတော့ ပြည်ပကို ဆန်တန်ချိန် ၂ သန်းနီးပါး တင်ပို့ဖို့လျာထားပြီး ပြည်ပဆန် တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၁ ဘီလီယံရရှိဖို့ မျှော်မှန်းထားသည်။

**Source: BETV Business**

## ပုထိုးစမ်းကျေးရွာတွင် မြေပဲဈေးကောင်းရရှိ၍ မြေပဲစိုက်တောင်သူများ အဆင်ပြေလျက်ရှိ



မကွေးတိုင်းဒေသကြီး၊ မကြီးကန်အုပ်စုရှိ ပုထိုးစမ်းကျေးရွာတွင် နှမ်း၊ ကုလားပဲ၊ မြေပဲ၊ ပဲတီစိမ်း၊ မတ်ပဲနှင့် ပဲစင်းငုံသီးနှံများကို စိုက်ပျိုးကြပြီး မြေပဲသီးနှံကို စိုက်ဧက ၃,၀၀၀ ကျော် စိုက်ပျိုးထားရှိကြောင်း သိရသည်။

မြေပဲသီးနှံကို အောက်တိုဘာလတွင် စတင်စိုက်ပျိုး၍ စိုက်ပျိုးပြီးရက်ပေါင်း ၉၀ အကြာတွင် ရိတ်သိမ်းရပြီး စိုက်ပျိုးရာတွင် ကြောင်းဆွဲစနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် သွင်းအားစုစရိတ်များမြင့်တက်လာပြီး မျိုး၊ မြေပြင်စရိတ်၊ လုပ်သားခ၊ သွင်းအားစုအပါအဝင် စုစုပေါင်း ၇၀၀,၀၀၀ ကျပ်ခန့်ကုန်ကျကြောင်း၊ အထွက်နှုန်းမှာ တစ်ဧကလျှင် မြေပဲတောင့် ၈၀ တင်းခန့်ထွက်ရှိပြီး ဧပြီလတတိယပတ်တွင် မြေပဲတောင့်တစ်တင်းလျှင် ကျပ် ၂၀,၀၀၀ ဖြင့်လည်းကောင်း၊ မြေပဲဆံတစ်တင်းလျှင် ကျပ် ၁၆၀,၀၀၀ ဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိပြီး မြေပဲတောင့်များကို မကွေးမြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြကြောင်း၊ ယခုနှစ်တွင် သွင်းအားစုစရိတ်များ မြင့်တက်လာသော်လည်း မြေပဲတောင့်နှင့်မြေပဲဆံများမှာ ဈေးကောင်းရရှိသောကြောင့် မြေပဲစိုက်တောင်သူများအနေဖြင့် ထိုက်သင့်သည့် အကျိုးအမြတ်များရရှိကာ

အဆင်ပြေလျက်ရှိကြောင်း မြေပဲစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

**Source: DOCA (မကွေး)**

**Source: https://commerce.gov.mm**

**https://myantrade-gov-mm.translate.goog/article/naypyitaw_250**

## STOCK EXCHANGE (26.4.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 23rd Apr. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,464 (Shares) | 20,741,200 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | +200 | +2.27% | 8,800 | 9,000 | 8,800 | 229 | 2,026,200 | 33,109,694 | 297,987 |
| MTSH | 00002 | 2,850 | -50 | -1.72% | 2,850 | 2,900 | 2,850 | 4,731 | 13,486,100 | 38,929,150 | 110,948 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 2 | 16,000 | 10,400,986 | 83,208 |
| FPB | 00004 | 1,500 | +0 | +0.00% | 1,450 | 1,500 | 1,450 | 3,356 | 4,871,200 | 29,664,613 | 44,497 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 0 | 0 | 12,823,224 | 35,264 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,650 | 29 | 48,900 | 19,977,223 | 33,961 |
| AMATA | 00007 | 4,600 | -100 | -2.13% | 4,600 | 4,600 | 4,600 | 19 | 87,400 | 10,497,598 | 48,289 |
| MAEX | 00008 | 2,050 | +0 | +0.00% | 2,100 | 2,100 | 2,050 | 98 | 205,400 | 23,804,946 | 48,800 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 23rd Apr. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 372.69 | +1.93 | +0.52% | 369.58 | 372.69 | 369.02 | 8,464 | 20,741,200 | 8 | 702,954 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 23rd Apr. 2024

| Trading Volume | Trading Value |
|---|---|
| 8,464 (Shares) | 20,741,200 (MMK) |

## Main Board

As of 1:00 pm, 23rd Apr. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,464 (Shares) | 20,741,200 (MMK) |

| MYANPIX | 372.69 ▲ 1.93 |
|---|---|
| Total Volume (shares) | 8,464 |
| Total Value (MMK) | 21 mil |
| Listed Company | 8 |
| Market Cap. (MMK) | 702,954 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▲ 200 |
| MTSH | 00002 | 2,850 | ▼ 50 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 1,500 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,600 | ▼ 100 |
| MAEX | 00008 | 2,050 | ▲ 0 |

TIR